**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ထုတ်ပြန်ချက် (၃/ ၂၀၂၆)**
**(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)**
**၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်**

## တီမောလက်စတေးသံတမန်အား ခြိမ်းခြောက်ဖိအားပေးမှုကို ရှုတ်ချကြောင်း ထုတ်ပြန်ချက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အကြမ်းဖက်စစ်တပ်၏ တီမောလက်စတေးသံတမန်အား မြန်မာနိုင်ငံမှ (၇) ရက်အတွင်း ထွက်ခွာရန် ခြိမ်းခြောက်ဖိအားပေးမှုကို ပြင်းထန်စွာ ရှုတ်ချသည်။

၂။ ထိုကဲ့သို့သော ခြိမ်းခြောက်ဖိအားပေးမှုသည် သံတမန်ဆက်ဆံရေးနှင့် စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်းအောက်ရှိ သံတမန်ဆက်ဆံရေးဆိုင်ရာ သတ်မှတ်မူဘောင်များကို ပျက်စီးစေသည်။ အပိုဒ် (၉) အရ လက်ခံနိုင်ငံသည် သံတမန်တစ်ဦးအား persona non grata အဖြစ် ကြေညာနိုင်သော်လည်း၊ သတ်မှတ်ထားရှိသော သံတမန်ရေးရာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်ဖြစ်သည်။ မည်ကဲ့သို့သောပုံစံဖြစ်စေ ဖိအားပေးအကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှုသည် ကွန်ဗင်းရှင်း၏ အနှစ်သာရ၊ ငြိမ်းချမ်းသည့် သံတမန်ဆက်ဆံမှု အခြေခံသဘောတရားများနှင့် ဆန့်ကျင်လျက်ရှိသည်။

၃။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် တီမောလက်စတေးနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပုံမှန်ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖက်စစ်တပ်က တီမောလက်စတေးအား ရွေးချယ်၍ အရေးယူဆောင်ရွက်သည့် ဆုံးဖြတ်ချက်သည် ၎င်း၏ နိုင်ငံတကာ သံတမန်စံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများအပေါ် လေးစားလိုက်နာမှု ရှိ-မရှိနှင့် စပ်လျဉ်း၍ အလွန်ပင် စိုးရိမ်ဖွယ်ဖြစ်သည်။

၄။ အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာနိုင်ငံအတွင်း၌ တာဝန်ခံမှု ရှိစေရေး၊ ထိခိုက်ခံစားခဲ့ရသူများအတွက် တရားမျှတမှုရရှိစေရေးနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိနေသည့် အလေ့အထများကို အဆုံးသတ်ရေးတို့အတွက် အမြဲမပြတ်ကူညီပံ့ပိုးပေးနေသည့် တီမောလက်စတေးအပါအဝင် နိုင်ငံအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။ ဤအရေးကြီးကာလအတွင်း မြန်မာပြည်သူများအတွက် အကူအညီ

များ ဆက်လက်၍ တိုးမြှင့်ပံ့ပိုးပေးပါရန်အတွက်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအား လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ<br>နိုင်ငံခြားရေးဝန်ကြီးဌာန